ကရင်နီပြည် အတိုင်ပင်ခံကောင်စီ
Karenni State Consultative Council (KSCC)

## ကရင်နီပြည်

# ကြားကာလပညာရေးမူဝါဒ

ကရင်နီပြည်အတိုင်ပင်ခံကောင်စီမှ ၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ၊ (၂) ရက်နေ့တွင်
အတည်ပြုပြဋ္ဌာန်းသည်။

# မာတိကာ

၁။ ဦးတည်ချက် ............ ၂
၂။ မျှော်မှန်းချက် ............ ၂
၃။ နောက်ခံအကြောင်းအရာများ ............ ၂
၄။ အခြေခံမူများ ............ ၄
၅။ စီမံခန့်ခွဲခြင်း ............ ၅
၆။ ရှေးဦးကလေးသူငယ်ပညာရေးမူဝါဒ ............ ၅
၇။ အခြေခံပညာရေးမူဝါဒ ............ ၆
၈။ အဆင့်မြင့်ပညာရေးမူဝါဒ ............ ၈
၉။ အသက်မွေးဝမ်းကြောင်းပညာရေးမူဝါဒ ............ ၉
၁၀။ ပုဂ္ဂလိကပညာရေးမူဝါဒ ............ ၁၀
၁၁။ အထူးအစီအမံပညာရေးလုပ်ငန်းစဉ်များ ............ ၁၀
(က) နေအိမ်အခြေပြုပညာရေး (HOME-BASED EDUCATION) ............ ၁၀
(ခ) ရပ်ရွာအခြေပြုသင်ကြားရေးဌာနများ (COMMUNITY LEARNING CENTERS) ............ ၁၀
(ဂ) အခြားနည်းလမ်းများဖြင့် သင်ကြားသောပညာရေး (ALTERNATIVE EDUCATION) ............ ၁၁
၁၂။ ဘဏ္ဍာရေးဆိုင်ရာပြဋ္ဌာန်းချက် ............ ၁၂
၁၃။ အထွေထွေပြဋ္ဌာန်းချက်များ ............ ၁၂

## ၁။ ဦးတည်ချက်

ပညာရေးသည် လူသားတိုင်း၏ အခြေခံလူ့အခွင့်အရေးတစ်ရပ် ဖြစ်သောကြောင့် တိုင်းရင်းသားလူမျိုးအသီးသီး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုနှင့် နောက်ခံသမိုင်းတို့ကို ထိန်းသိမ်းကာကွယ်နိုင်ရန်နှင့် ကရင်နီပြည်သူပြည်သားများ၏ လူမှုဘဝမြင့်မားတိုးတက်ရန်၊ လွတ်လပ်စွာကိုယ်ပိုင်တွေးခေါ်မြော်မြင်မှုများ ရှင်သန်ရပ်တည်ရေးကိုအာမခံပေးပြီး နိုင်ငံတကာပညာရေးနှင့် ရင်ဘောင်တန်းနိုင်မည့် ကရင်နီပြည်ပညာရေးစနစ်တစ်ရပ်ကို ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုစနစ်နှင့်အညီ ဖော်ဆောင်ရန်။

## ၂။ မျှော်မှန်းချက်

(၁) ကရင်နီပြည် ဘက်စုံဖွံ့ဖြိုးရေးအတွက် ပညာရေးကဏ္ဍကို နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့်မားအောင် ဆောင်ရွက်ရန်။

(၂) ကရင်နီပြည်ပညာရေးစနစ်ကို ဖက်ဒရယ်ဒီမိုကရေစီပညာရေးစနစ်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်။

(၃) အရည်အသွေးမြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာစေရန်။

## ၃။ နောက်ခံအကြောင်းအရာများ

စစ်အာဏာရှင်စနစ် အလုံးစုံပျက်သုဉ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံရေးဖြစ်ပေါ်ရေးလုပ်ငန်းစဉ်များနှင့် အနာဂတ်ဖွံ့ဖြိုးမှုရည်မှန်းချက်များအတွက် ကောင်းမွန်သောပညာရေးစနစ်တစ်ရပ်ပေါ်ပေါက်ရေးကို လွန်စွာအရေးကြီးသော ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် ထားရှိရန်လိုအပ်သည်။ လွန်ခဲ့သော နှစ်ပေါင်းများစွာမှ တန်းတူရည်တူနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အား ကန့်သတ်မှုရှိသည့် နိုင်ငံရေးစနစ်များ နှင့် ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုအလွန်ကာလတွင် ကရင်နီပြည်အတွင်းရှိ ပြည်သူများသည် အခြေခံရပိုင်ခွင့်များဆုံးရှုံးပြီး စာသင်ကျောင်းများကိုပစ်မှတ်ထားသော အကြမ်းဖက်စစ်ကောင်စီ၏ ထိုးစစ်များအကြားတွင် နေထိုင်လာခဲ့သည်မှာ အချိန်ကာလတစ်ခုသို့ ရောက်ရှိနေပြီ ဖြစ်သည်။ ထိုကဲ့သို့အခြေအနေမှ ကရင်နီပြည်အတွင်းရှိ ကလေးများအားလုံးတို့သည် ကောင်းမွန်၍ စနစ်ကျသောပညာများ တတ်မြောက်စေရန်အတွက် တိကျသောမူဝါဒများ ရှိထားရမည်ဖြစ်သည်။ သို့မှသာလျှင် ဥပဒေများပြဋ္ဌာန်းနိုင်ရေးအတွက် လွှတ်တော်၏ဆွေးနွေးမှုအရပ်ရပ်ကို

အထောက်အပံ့ပြုနိုင်သည့် အခြေခံစဉ်းစားရမည့်စံနှုန်းများနှင့် အစိုးရဝန်ကြီးဌာနများအနေဖြင့် လုပ်ငန်းစီမံချက်များ ချမှတ်အကောင်အထည်ဖော်ရာတွင် လေးစားလိုက်နာကျင့်သုံးရမည့် လမ်းညွှန်ချက်များအတိုင်း တိကျစွာနှင့် ထိရောက်စွာဆောင်ရွက်နိုင်မည်ဖြစ်သည်။ ၂၀၂၁ ခုနှစ် စစ်တပ်၏တရားမဝင်အာဏာသိမ်းမှုဖြစ်ပြီးနောက်ပိုင်း စစ်အာဏာရှင်နှင့် အာဏာရှင်စနစ် တစ်ရပ်လုံး အဆုံးသတ်ရေးအတွက် တော်လှန်တိုက်ပွဲဝင်ကြသူများအထဲတွင် ကရင်နီပြည်ရှိ ပညာရေးဝန်ထမ်းများ အင်အားကောင်းစွာ ပါဝင်လာခဲ့ကြသကဲ့သို့ တော်လှန်ရေးကာလ တစ်လျှောက်လုံးတွင်လည်း ပညာသင်ကြားမှုမပြတ်လပ်စေရန် အားကောင်းစွာဖြင့် ဆက်လက် ချီတက်လျှက်ရှိသည်မှာ အလွန်လေးစားဂုဏ်ယူစရာကောင်းသည့် ယန္တရားတခုဖြစ်သည်။ ထို့အတွက် တော်လှန်ရေးကာလ(ကြားကာလ)တွင် ကရင်နီပြည်အတွက် ကောင်းမွန်စနစ်ကျသည့် ပညာရေးမူဝါဒတစ်ရပ်ချမှတ်နိုင်ရေးအတွက် ၂၀၂၂ခုနှစ်၊ ဖေဖော်ဝါရီလမှစတင်၍ သက်ဆိုင်ရာ အစုအဖွဲ့များနှင့် အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် (၂.၁၁.၂၀၂၄)ရက်နေ့ ကရင်နီပြည် အတိုင်ပင်ခံကောင်စီ၏ (၃၉) ကြိမ်မြောက်ပုံမှန် အစည်းအဝေးတွင် အတည်ပြုခဲ့သည်။

ဤမူဝါဒဖြစ်စဉ်တစ်လျှောက်လုံးတွင် အကြံညာဏ်ကောင်းများကို အစဉ်တစိုက်ကူညီပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးကြသော–

၁။ ဆရာကြီးဒေါက်တာ ဦးသိန်းလွင် (Thinking Classroom Foundation)
၂။ ကရင်နီပြည်အတိုင်ပင်ခံကောင်စီ မူဝါဒမူကြမ်းရေးဆွဲရေးကော်မတီ
၃။ ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ ပညာရေးဌာန
၄။ Karenni Education Department (KnED)
၅။ Kayan New Generation Youth – Education (KNGY)
၆။ ဖန်းဆော်တက္ကသိုလ်
၇။ Karenni Nursing University
၈။ ကရင်နီဆေးကောလိပ် (Karenni Medical College)
၉။ Education Degree College of Karenni
၁၀။ Karenni College of Social Sciences and Humanities
၁၁။ Level Up Academy
၁၂။ ကယားပြည်နယ်လုံးဆိုင်ရာ အခြေခံပညာဆရာများ သမဂ္ဂ
၁၃။ မြို့နယ်အသီးသီးရှိ မြို့နယ်ပညာရေးဘုတ်အဖွဲ့များ
၁၄။ New Horizon Institute

၁၅။ Set of Step Youth Learning Center

၁၆။ Kay Phoe Du Learning Center

၁၇။ Karenni Pararu

၁၈။ နည်းပညာတက္ကသိုလ် – Interim University Council Technological University (Loikaw)

၁၉။ ဆယ်သဲဖောင်ဒေးရှင်း (Seh Theh Foundation)

၂၀။ ကရင်နီအမျိုးသားကောလိပ် (Karenni National College)

၂၁။ Youth Academy College – Karenni – YAC တို့နှင့်တကွ အခြားပညာရေးအစုအဖွဲ့များ အားလုံးကိုလည်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

## ၄။ အခြေခံမူများ

(၁) လူ့အခွင့်အရေးကိုအခြေခံသည့် ဖက်ဒရယ်ဒီမိုကရေစီပညာရေးစနစ် ဖြစ်ရမည်။

(၂) တိုင်းရင်းသားလူမျိုးများ၏ မိမိကံကြမ္မာမိမိဖန်တီးခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အရ ကရင်နီပြည် ကြားကာလပညာရေးမူဝါဒနှင့်အညီ ထူထောင်ထားသောကျောင်းများ တရားဝင်ရပ်တည်ခွင့် ရှိရမည်။

(၃) တိုင်းရင်းသားလူမျိုးအသီးသီး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် မပျက်မယွင်းအောင် ထိန်းသိမ်းစောင့်ရှောက်ရမည့်အပြင် ပိုမိုတိုးတက်ကောင်းမွန်အောင် ဖော်ဆောင်ရမည်။

(၄) တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းတို့ကို အထူးပြုသင်ယူနိုင်မည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်ရမည်။

(၅) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်တံ့ခိုင်မြဲရေးကို ဖော်ဆောင်သောပညာရေးစနစ် ဖြစ်ရမည်။

(၆) လူတိုင်းအကျိုးဝင်ပညာရေးစနစ်နှင့် အရည်အသွေးရှိပြီး ဘဝအာမခံချက်ရှိသော ပညာရေးစနစ်ကို ကျင့်သုံးရမည်။

(၇) အစဉ်သင်ယူနေသော ပညာလူ့အဖွဲ့အစည်း (Learning Society) အဖြစ် ပျိုးထောင်နိုင်မည့် ပညာရေးစနစ်ကို တည်ဆောက်ရမည်။

(၈) မသန်စွမ်းသူများ၊ ဆင်းရဲနွမ်းပါးသူများ၊ ပညာရေးလက်လှမ်းမမီသူများ၊ ဝေးလံခေါင်ဖျား ဒေသများတွင်နေထိုင်သူများ၊ သင်ယူမှုအခက်အခဲ (Learning Difficulty) ရှိသူများအတွက် လူတိုင်းအကျုံးဝင် (Inclusive) ပညာရေးမူဝါဒကို ချမှတ်ကျင့်သုံးရမည်။

(၉) ပညာရေးလွတ်လပ်ခွင့် (Academic freedom) ကို တန်ဖိုးထားမြှင့်တင်ရမည်။

(၁၀) ဖက်ဒရယ်ပညာရေးစနစ် ပီပြင်စွာပေါ်ပေါက်လာရေးအတွက် ပြည်နယ်ပညာရေးကောင်စီကို အဆင့်ဆင့် ဖွဲ့စည်းရမည်။

(၁၁) ပြည်နယ်ပညာရေးကောင်စီသည် ပြည်နယ်၏ပညာရေးကို ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ပညာရေးမူဝါဒစံနှုန်းများနှင့်အညီ လွတ်လပ်စွာပြဋ္ဌာန်းခွင့်၊ အကောင်အထည်ဖော်ခွင့် ရှိရမည်။

## ၅။ စီမံခန့်ခွဲခြင်း

(၁) ပညာရေးဆိုင်ရာအခွင့်အာဏာကို သက်ဆိုင်ရာမြို့နယ်အလိုက်၊ ဒေသအလိုက်၊ ကျောင်းအလိုက် ကရင်နီပြည်၏ ကြားကာလအစီအမံပါ ပညာရေးဆိုင်ရာပြဋ္ဌာန်းချက်များနှင့် အညီ လွတ်လပ်စွာ စီမံအုပ်ချုပ်ပိုင်ခွင့်ရှိရမည်။

(၂) နိုင်ငံသားတိုင်း ကျောင်းပြင်ပ ပညာရေး (Non-formal Education)နှင့် ကျောင်းတွင်းပညာရေး (Formal Education) အကြား တရားဝင်ကူးပြောင်း ပညာသင်ခွင့်ရရှိနိုင်ရေးအတွက် ဥပဒေ ပြဋ္ဌာန်းပေးရမည်။

## ၆။ ရှေးဦးကလေးသူငယ်ပညာရေးမူဝါဒ

(၁) ကရင်နီပြည် ပညာရေးကောင်စီသည် ရှေးဦးကလေးသူငယ်ပညာရေးနှင့် အခြေခံပညာရေးကို ကလေးများ အသက်အရွယ်အလိုက် သင်ယူနိုင်ခွင့်ရှိအောင် ဆောင်ရွက်ရမည်။

(၂) ရှေးဦးကလေးသူငယ်ပညာရေးနှင့် စောင့်ရှောက်မှု (Early Childhood Education and Care) ကို မွေးကင်းစမှ အသက်(၈)နှစ်အထိ သတ်မှတ်ပြီး အခြေခံပညာရေးနည်းတူ မသင်မနေရ အခမဲ့ ပညာရေးစနစ်အဖြစ် သက်ဆိုင်ရာပညာရေးဌာန လက်အောက်တွင် ထားရှိရမည်။

(၃) အသက်(၅)နှစ်ပြည့်ပြီးသော ကလေးများကို မူကြိုစာသင်နှစ်တစ်နှစ် (KG) အား မူလတန်း ကျောင်းများတွင် တွဲဖက်သင်ကြားရမည်။

(၄) ရှေးဦးကလေးသူငယ်စောင့်ရှောက်ရေးကို ကျန်းမာရေးဌာန၊ အမျိုးသမီးများနှင့် ကလေးသူငယ်ရေးရာဌာနတို့နှင့် ချိတ်ဆက်ဆောင်ရွက်ရမည်။

## ၇။ အခြေခံပညာရေးမူဝါဒ

(၁) အခြေခံပညာရေးစနစ်ဖွဲ့စည်းပုံသည် ၁ - ၆ - ၃ - ၃ စနစ်ဖြစ်ရမည်။

(၂) သင်ကြားမည့်ဘာသာရပ်များ၊ အတန်းအရေအတွက်များနှင့် ကိုက်ညီသောဆရာဦးရေ ခန့်အပ်ထားမှုရှိရမည်။

(၃) ကရင်နီပြည်တွင် အခြေခံပညာရေးကို အခမဲ့ဆောင်ရွက်ပြီး မသင်မနေရပညာရေးစနစ် (Compulsory Education) ကို အလယ်တန်းပြီးဆုံးသည်အထိ ဆောင်ရွက်ရမည်။

(၄) ပြည်နယ်အတွင်းရှိ ပညာရေးအဖွဲ့အစည်းများအားလုံးကို ပြည်နယ်ပညာရေးကောင်စီမှ အသိအမှတ်ပြု၍ ချိတ်ဆက်ဆောင်ရွက်ရမည်။

(၅) ကြားကာလတွင် နည်းလမ်းအမျိုးမျိုးဖြင့်သင်ယူလျှက်ရှိသော ကျောင်းသူ၊ ကျောင်းသားများအားလုံးသည် အသွင်ကူးပြောင်းရေးကာလနှင့် ဖက်ဒရယ်ပညာရေးစနစ် အကောင်အထည်ဖော်သည့်ကာလ၌ အသက်နှင့်ကိုက်ညီသည့်အတန်းအဆင့်တွင် သင်ကြားခွင့်ရရှိအောင် ဆောင်ရွက်ရမည်။

(၆) ကျောင်းသူ၊ ကျောင်းသားများ ၊ ဆရာဆရာမများနှင့် ဝန်ထမ်းများဆိုင်ရာ အသင်းအဖွဲ့များနှင့် သမဂ္ဂများကို လွတ်လပ်စွာဖွဲ့စည်းခွင့်ပြုရမည်။

(၇) ကရင်နီပြည်အတွင်း တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၏ ကျောင်းများမှ ဆရာ/ဆရာမများ၊ ကြားကာလပညာရေးလုပ်ငန်းများဆောင်ရွက်လျှက်ရှိသော အခြေခံပညာရေး CDM ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများ၊ လုပ်အားပေးစေတနာ့ဝန်ထမ်းဆရာ၊ ဆရာမများနှင့် ပညာရေးဝန်ထမ်းများအား တရားဝင်အသိအမှတ်ပြုပြီး ၎င်းတို့သည် အသွင်ကူးပြောင်းရေးကာလနှင့် ဖက်ဒရယ်ကာလတို့တွင် ဆက်လက်၍ အလုပ်လုပ်ကိုင်ခွင့်ရှိသည်။

(၈) ဆရာ၊ ဆရာမများ၏ ဂုဏ်သိက္ခာနှင့်အညီ လူမှုဘဝရပ်တည်နိုင်မှုအထောက်အပံ့များနှင့် စွမ်းရည်မြှင့်တင်မှုများကို စဉ်ဆက်မပြတ် လုပ်ဆောင်ပေးရမည်။

(၉) ကြားကာလတွင် တိုင်းရင်းသားတော်လှန်ရေးပညာရေးအဖွဲ့အစည်းများ၊ လက်ရှိဖွင့်လှစ်နေကြသောကျောင်းများတို့မှ ရေးဆွဲထားသောသင်ရိုးညွှန်းတမ်းများကို ကရင်နီပြည်အခြေခံ

သင်ရိုးနှင့်အတူ ဖက်ဒရယ်ဒီမိုကရေစီအမျိုးသားပညာရေးမူဝါဒ သင်ရိုးညွှန်းတမ်းစံနှုန်း/စွမ်းရည်အခြေပြု သင်ရိုးညွှန်းတမ်းတို့နှင့် ချိတ်ဆက်ထားရမည်။

(၁၀) တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၏ပညာရေးဌာနမှဖွင့်လှစ်ထားသောကျောင်းများ၊ ကြားကာလတွင်ဖွင့်လှစ်သည့်ကျောင်းများတွင် အသုံးပြုလျှက်ရှိသည့် သင်ရိုးညွှန်းတမ်းများကို ဖက်ဒရယ်ဒီမိုကရေစီပညာရေးမူဝါဒနှင့်အညီ ရေးဆွဲမည့်ပြည်နယ်အခြေခံသင်ရိုးပေါ်ပေါက်လာသည်အထိ ချိတ်ဆက်ဆောင်ရွက်သွားရမည်။

(၁၁) မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံပညာရေး (Mother Tongue Based Multilingual Education) စနစ်ကို မူကြိုအဆင့်မှစတင်၍ အဆင့်ဆင့်တိုးချဲ့ပြီး အဆင့်မြင့်ဒီဂရီ (Advanced Degree) အစီအစဉ်များတွင်ပါ သင်ကြားပေးနိုင်ရေးအတွက် ပြည်နယ်ပညာရေးကောင်စီက ပြဋ္ဌာန်းပိုင်ခွင့်ရှိရမည်။

(၁၂) သင်ရိုးညွှန်းတမ်းများပြုစုရာတွင် ဖက်ဒရယ်ဒီမိုကရေစီသင်ရိုးညွှန်းတမ်းအညွှန်းဘောင်နှင့် ချိတ်ဆက်ပြီး သက်ဆိုင်ရာပြည်နယ်ပညာရေးကောင်စီ၊ ပညာရေးဘုတ်အဖွဲ့/မြို့နယ် ပညာရေးကောင်စီ၊ သမဂ္ဂများနှင့် ပညာရှင်များပူးပေါင်းပါဝင်ရေးဆွဲနိုင်ရေးအတွက် စီမံဆောင်ရွက်ရမည်။

(၁၃) သင်ရိုးညွှန်းတမ်းတွင် တိုင်းရင်းသားလူမျိုးအသီးသီး၏ သမိုင်း၊ စာပေ၊ ယဉ်ကျေးမှု၊ ဘာသာစကား၊ ဓလေ့ထုံးတမ်းအပါအဝင် အခြေခံကျန်းမာရေး၊ အားကစား၊ ကာယပညာ၊ လူမှုပေါင်းသင်းဆက်ဆံရေး၊ အနုပညာ၊ ပြည်သူ့နီတိ၊ နိုင်ငံရေးသိပ္ပံ၊ လူ့အခွင့်အရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စဉ်းစားတွေးခေါ်မှုစွမ်းရည်၊ ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် အသိပညာဘာသာရပ်များကို ထည့်သွင်းသင်ကြားပေးရမည်။

(၁၄) ရေရှည်တည်မြဲသောဖွံ့ဖြိုးရေးအတွက် ဒေသလိုအပ်ချက်နှင့်ကိုက်ညီသည့် ရိုးရာအလိုက် ရှင်သန်နေထိုင်မှုနည်းလမ်းများ၊ ကရင်နီပြည်၏ ဒေသတွင်း အသိပညာများ (Local Wisdom)၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း စောင့်ရှောက်မည့် အသိပညာများကို သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းသင်ကြား ပေးရမည်။

(၁၅) သင်ရိုးညွှန်းတမ်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှုများကို ပြည်နယ်ပညာရေးကောင်စီမှ ဆောင်ရွက်ရမည်။

(၁၆) ကျောင်းပြောင်းရေးနည်းလမ်းကို သက်ဆိုင်ရာပညာရေးကောင်စီများမှ ညှိနှိုင်းဆောင်ရွက်ရမည်။

(၁၇) စဉ်ဆက်မပြတ် ဘက်စုံစစ်ဆေးအကဲဖြတ်ခြင်း (Continuous and Comprehensive Assessment)၊ ကျောင်းသားဗဟိုပြု စစ်ဆေးအကဲဖြတ်ခြင်း (Student-centered Assessment)၊ သင်ယူမှုကိုမြှင့်တင်သော စစ်ဆေးအကဲဖြတ်ခြင်း (Formative Assessment) များကို ကျင့်သုံးရမည်။

(၁၈) ဆရာအတတ်ပညာကဏ္ဍကို တိုးမြှင့်ဆောင်ရွက်ရန်နှင့် ဒေသခံဆရာ၊ ဆရာမများ တိုးပွားရေးကို ဆောင်ရွက်ရမည်။

(၁၉) အထူးသဖြင့် အားလုံးအကျုံးဝင်သည့်ပညာရေးဆိုင်ရာ ချဉ်းကပ်နည်းဖြင့် အခွင့်အရေးနှင့် အခွင့်အလမ်းနည်းပါးသူများ၊ မသန်စွမ်းသူများနှင့် မြန်မာနိုင်ငံတွင် အာဏာရှင်စနစ် ချုပ်ငြိမ်းရေးကို ရှေးရှု၍ တော်လှန်တိုက်ပွဲဝင်ခဲ့ခြင်းကြောင့် လည်းကောင်း၊ စစ်မက်ဘေးဒါဏ် ခံစားရသဖြင့်လည်းကောင်း၊ မသန်စွမ်းမှုအမျိုးမျိုးခံစားရသူများအတွက် အခြေခံပညာရေး ကို ဆက်လက်၍သင်ယူလိုပါက ခွဲခြားဆက်ဆံခံရမှုများကင်းပြီး အဆင်ပြေစွာသင်ယူနိုင်ရေး အတွက် အစီအမံများ ချမှတ်ဖော်ဆောင်ရမည်။

## ၈။ အဆင့်မြင့်ပညာရေးမူဝါဒ

(၁) အဆင့်မြင့်ပညာရေးကဏ္ဍများတွင် တိုင်းရင်းသားဘာသာစာပေနှင့် တိုင်းရင်းသားလူမျိုး ဆိုင်ရာ လေ့လာရေး (Ethnic Social Study) တို့ကို အထူးပြုသင်ယူနိုင်သောဌာနများ ထားရှိနိုင်သည်။

(၂) တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီနှင့်တိုင်ပင်ညှိနှိုင်း၍ ကရင်နီပြည်တွင် ပညာရပ်စုံတက္ကသိုလ် ထူထောင်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ရမည်။

(၃) ပြည်နယ်အတွင်းရှိ အဆင့်မြင့်ပညာရေးအဖွဲ့အစည်းများအားလုံးကို ပြည်နယ်ပညာရေး ကောင်စီမှ ပညာရေးမူဝါဒနှင့်အညီ အသိအမှတ်ပြု၍ ချိတ်ဆက်ဆောင်ရွက်သွားရမည်။

(၄) ကရင်နီပြည်အတွင်းရှိ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၏ အဆင့်မြင့်ပညာရေး ကျောင်းများမှ ဆရာ၊ ဆရာမများ၊ ကြားကာလပညာရေး လုပ်ငန်းဆောင်ရွက်လျှက်ရှိသော အဆင့်မြင့်ပညာရေး CDM ဆရာ၊ ဆရာမများ နှင့် ဝန်ထမ်းများ၊ လုပ်အားပေးစေတနာ့ဝန်ထမ်း ဆရာ၊ ဆရာမများနှင့် ပညာရေးဝန်ထမ်းများကို တရားဝင်အသိအမှတ်ပြုပြီး အသွင်ကူးပြောင်း ရေးကာလနှင့် ဖက်ဒရယ်ကာလတို့တွင် တတ်ကျွမ်းသည့်ပညာဖြင့် ဆက်လက်အလုပ်လုပ်ကိုင် ခွင့် ရှိရေးအတွက် အာမခံချက်ပေးသည့် အစီအမံများ ထားရှိရမည်။

(၅) ကျောင်းသူ၊ ကျောင်းသားများ၊ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများဆိုင်ရာ အသင်းအဖွဲ့များနှင့် သမဂ္ဂများကို လွတ်လပ်စွာဖွဲ့စည်းခွင့် ပြုရမည်။

(၆) အဆင့်မြင့်ပညာရေးကဏ္ဍတွင် သုတေသနလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်ရမည်။

(၇) အခြေခံပညာပြီးမြောက်သူတိုင်း (သို့မဟုတ်) အခြေခံပညာပြီးမြောက်သည့် အရည်အချင်းနှင့် ကိုက်ညီသူတိုင်း အဆင့်မြင့်ပညာသင်ကြားခွင့်ရရှိစေရန် ဆောင်ရွက်ရမည်။

(၈) အထူးသဖြင့် အားလုံးအကျုံးဝင်သည့် ပညာရေးဆိုင်ရာ ချဉ်းကပ်နည်းဖြင့် အခွင့်အရေးနှင့် အခွင့်အလမ်းနည်းပါးသူများ၊ မသန်စွမ်းသူများနှင့် မြန်မာနိုင်ငံတွင် အာဏာရှင်စနစ် ချုပ်ငြိမ်းရေးကိုရှေးရှု၍ တော်လှန်တိုက်ပွဲဝင်ခဲ့ခြင်းကြောင့်လည်းကောင်း၊ စစ်မက်ဘေးဒါဏ် ခံစားရသဖြင့်လည်းကောင်း၊ မသန်စွမ်းမှုအမျိုးမျိုးခံစားရသူများတို့အတွက် အဆင့်မြင့် ပညာရေးကို ဆက်လက်၍သင်ယူလိုပါက ခွဲခြားဆက်ဆံခံရမှုများကင်းပြီး အဆင်ပြေစွာ သင်ယူနိုင်ရေးအတွက် အစီအမံများချမှတ်ဖော်ဆောင်ရမည်။

## ၉။ အသက်မွေးဝမ်းကြောင်းပညာရေးမူဝါဒ

(၁) လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန်အတွက်လည်းကောင်း၊ လူ့ဂုဏ်သိက္ခာနှင့်အညီ ရှင်သန် ရပ်တည်နိုင်ရေးအတွက်လည်းကောင်း၊ ဒေသကာလအခြေအနေနှင့် လိုက်လျောညီထွေမှု ရှိသော နည်းပညာနှင့် သက်မွေးပညာရေး – Technical and Vocational Education Training (TVET) ကို အလေးထားအကောင်အထည် ဖော်ဆောင်ရမည်။ အထူးသဖြင့် အားလုံး အကျုံးဝင်သည့်ပညာရေးဆိုင်ရာ ချဉ်းကပ်နည်းဖြင့် အခွင့်အရေးနှင့်အခွင့်အလမ်း နည်းပါး သူများ၊ မသန်စွမ်းသူများနှင့် မြန်မာနိုင်ငံတွင် အာဏာရှင်စနစ်ချုပ်ငြိမ်းရေးကို ရှေးရှု၍ တော်လှန်တိုက်ပွဲဝင်ခဲ့ခြင်းကြောင့်သော်လည်းကောင်း၊ စစ်မက်ဘေးဒါဏ်ခံစားရခြင်းကြောင့် သော်လည်းကောင်း၊ မသန်စွမ်းမှုအမျိုးမျိုးခံစားရသူများတို့အတွက် အသက်မွေးဝမ်းကြောင်း ပညာရပ်များသင်ယူလိုပါက ခွဲခြားဆက်ဆံခံရမှုများကင်းပြီး အဆင်ပြေစွာသင်ယူနိုင်ရေး အတွက် အစီအမံများချမှတ် ဖော်ဆောင်ရမည်။

(၂) ကရင်နီပြည်အတွင်း အသက်မွေးဝမ်းကြောင်းပညာရေး (Vocational Education) ကျောင်းများထူထောင်ရာတွင် သက်ဆိုင်ရာအသက်မွေးဝမ်းကြောင်းပညာရပ်များကို ကျွမ်းကျင်ရုံမျှမက အဆင့်မြင့်ပညာရပ်များကိုလည်း ကူးပြောင်းသင်ကြားနိုင်သည့် သင်ရိုးများ ဖြင့် သင်ကြားပေးနိုင်သောကျောင်းများ ဖြစ်ရမည်။

(၃) အသက်မွေးဝမ်းကျောင်းပညာကို အခြားသောပညာရပ်များနည်းတူ တန်ဖိုးထားရမည်။

(၄) ပုဂ္ဂလိကကဏ္ဍမှ အသက်မွေးဝမ်းကြောင်းပညာရေးကျောင်းများထူထောင်ရန် လျှောက်ထားလာပါက မူဝါဒနှင့်အညီ အသိအမှတ်ပြုရမည်။

# ၁၀။ ပုဂ္ဂလိကပညာရေးမူဝါဒ

(၁) ပြည်နယ်ပညာရေးကောင်စီမှ ချမှတ်ထားသောမူဝါဒနှင့်အညီ ပုဂ္ဂလိကကျောင်းများကို ထူထောင်ခွင့်ပြုရမည်။

(၂) ပုဂ္ဂလိကပညာရေးလွတ်လပ်ခွင့်အရ စီးပွားရေးအကျိုးအမြတ်မယူသော ပုဂ္ဂလိကကျောင်းများ ထူထောင်ရန် ပြည်နယ်ကြားကာလအုပ်ချုပ်ရေးကောင်စီ၊ ပညာရေးဌာနသို့ လျှောက်ထားပိုင်ခွင့်ရှိသည်။

(၃) ပုဂ္ဂလိကကဏ္ဍအပါအဝင် ပညာရေးကဏ္ဍအားလုံးသည် ပညာရေးအခွင့်အလမ်းများတန်းတူ ရရှိနိုင်ရေး ဆောင်ရွက်ရမည်။

# ၁၁။ အထူးအစီအမံပညာရေးလုပ်ငန်းစဉ်များ

## (က) နေအိမ်အခြေပြုပညာရေး (Home-based Education)

(၁) ကျောင်းနေအရွယ်ကလေးသူငယ်များကို မိဘအုပ်ထိန်းသူ၏သဘောဆန္ဒအရ နေအိမ်အခြေပြုပညာရေး (Home-based Education) ကို သက်ဆိုင်ရာပညာရေးဌာနတွင် လျှောက်ထား၍ ဆောင်ရွက်နိုင်သည်။

(၂) နေအိမ်အခြေပြုပညာရေးမှ ကျောင်းပညာရေးသို့ကူးပြောင်းခွင့်ရှိသည်။

## (ခ) ရပ်ရွာအခြေပြုသင်ကြားရေးဌာနများ (Community Learning Centers)

(၁) ကျောင်းပြင်ပရောက်နေသော ပညာတစ်ပိုင်းတစ်စကလေးများ ပညာဆက်လက်သင်ယူနိုင်ရေးအတွက် ရပ်ရွာအခြေပြုသင်ကြားရေးဌာနများ (Community Learning Centers) ဖွင့်လှစ်ဆောင်ရွက်နိုင်သည်။

(၂) ရပ်ရွာအခြေပြုသင်ကြားရေးဌာနများတွင် တက်ရောက်သင်ကြားနေသော ကလေးများသည် အသက်မွေးပညာရေးနှင့် အဆင့်မြင့်ပညာရေးကျောင်းများတွင် ဆက်လက်ပညာသင်ယူခွင့် ရှိစေရမည်။

(၃) အထူးသဖြင့် အားလုံးအကျုံးဝင်သည့်ပညာရေးဆိုင်ရာ ချဉ်းကပ်နည်းဖြင့် အခွင့်အရေးနှင့် အခွင့်အလမ်းနည်းပါးသူများ၊ မသန်စွမ်းသူများနှင့် မြန်မာနိုင်ငံတွင် အာဏာရှင်စနစ် ချုပ်ငြိမ်းရေးကိုရှေးရှု၍ တော်လှန်တိုက်ပွဲဝင်ခဲ့ခြင်းကြောင့်သော်လည်းကောင်း၊ စစ်မက် ဘေးဒါဏ်ခံစားရခြင်းကြောင့်သော်လည်းကောင်း၊ မသန်စွမ်းမှုအမျိုးမျိုးခံစားရသူများတို့ အတွက် ရပ်ရွာအခြေပြုသင်ကြားရေးဌာနများတွင် ပညာသင်ယူလိုပါက ခွဲခြားဆက်ဆံ ခံရမှုများကင်းပြီး အဆင်ပြေစွာသင်ယူနိုင်ရေးအတွက်အစီအမံများ ချမှတ်ဖော်ဆောင်ရမည်။

## (ဂ) အခြားနည်းလမ်းများဖြင့် သင်ကြားသောပညာရေး (Alternative Education)

(၁) ပြည်နယ်ပညာရေးကောင်စီမှပြဋ္ဌာန်းသည့်သင်ရိုးညွှန်းတမ်းအတိုင်းမဟုတ်သော အခြား နည်းလမ်းများဖြင့်သင်ကြားသောကျောင်းများဖွင့်လှစ်လိုပါက ပြည်နယ်ပညာရေးကောင်စီ တွင် လျှောက်ထားပိုင်ခွင့်ရှိသည်။

(၂) ပြည်နယ်ပညာရေးကောင်စီသည် ကရင်နီပြည်ပညာရေးမူဝါဒနှင့်အညီ အခြားနည်းလမ်းများ ဖြင့် သင်ကြားသောကျောင်းများထူထောင်ခွင့်ပြုရမည်။

(၃) အထူးသဖြင့် အားလုံးအကျုံးဝင်သည့်ပညာရေးဆိုင်ရာ ချဉ်းကပ်နည်းဖြင့် အခွင့်အရေးနှင့် အခွင့်အလမ်းနည်းပါးသူများ၊ မသန်စွမ်းသူများနှင့် မြန်မာနိုင်ငံတွင် အာဏာရှင်စနစ် ချုပ်ငြိမ်းရေးကိုရှေးရှု၍ တော်လှန်တိုက်ပွဲဝင်ခဲ့ခြင်းကြောင့်သော်လည်းကောင်း၊ စစ်မက် ဘေးဒါဏ်ခံစားရခြင်းကြောင့်သော်လည်းကောင်း၊ မသန်စွမ်းမှုအမျိုးမျိုးခံစားရသူများတို့ အတွက် အခြားသောနည်းလမ်းများဖြင့်သင်ကြားသောပညာရေးစနစ်ဖြင့် ပညာသင်ယူ လိုပါက ခွဲခြားဆက်ဆံခံရမှုများကင်းပြီး အဆင်ပြေစွာသင်ယူနိုင်ရေးအတွက် အစီအမံများ ချမှတ်ဖော်ဆောင်ရမည်။

## ၁၂။ ဘဏ္ဍာရေးဆိုင်ရာပြဋ္ဌာန်းချက်

(၁) ကရင်နီပြည်အတွင်းရှိ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ဘာသာရေးအခြေပြု ပညာရေးအဖွဲ့အစည်းများသည် ယင်းတို့၏ပညာရေးရံပုံငွေများရရှိရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် တိုက်ရိုက်ဆက်သွယ်ညှိနှိုင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်။

(၂) ဝေးလံခေါင်ဖျားဒေသများနှင့် အထူးလိုအပ်ချက်ရှိသောဒေသများရှိ ပညာရေးနယ်ပယ်များတွင် အထူးစီမံချက်များလုပ်ဆောင်ပေး၍ ပညာရေးရံပုံငွေများ ပိုမိုတိုးမြှင့်ပေးရမည်။

(၃) ကရင်နီပြည်အတွင်းရှိ ပညာရေးအဖွဲ့အစည်းများသည် ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအတိုင်း ပွင့်လင်းမြင်သာမှုရှိရမည်။

(၄) ပညာရေးကဏ္ဍမြင့်မားလာစေရန်အတွက် ပညာရေးအသုံးစရိတ်ကို ပြည်နယ်၏ဘဏ္ဍာရေးရံပုံငွေမှ အနည်းဆုံး(၁၅)ရာခိုင်နှုန်းသုံးစွဲနိုင်ရန် ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီမှ လျာထားသတ်မှတ်ထားရမည်။

## ၁၃။ အထွေထွေပြဋ္ဌာန်းချက်များ

(၁) ကြားကာလတွင် ကရင်နီပြည်အတွင်းရှိ လူတိုင်း ပညာသင်ကြားခွင့်ရရှိရေး ဆောင်ရွက်ရာတွင် ဒုက္ခသည်စခန်းများ၊ စစ်ဘေးရှောင်စခန်းများ၊ ပြည်သူ့အခြေပြုစာသင်ကျောင်းများနှင့် နယ်စပ်ဒေသတွင်ရောက်ရှိနေသောကလေးများအားလုံး စဉ်ဆက်မပြတ်ပညာသင်ကြားခွင့်ရရှိရေးအတွက် အထူးအလေးထား ဆောင်ရွက်ပေးရမည်။

(၂) ဖက်ဒရယ်ဒီမိုကရေစီပညာရေးစနစ်အရ ကြားကာလအုပ်ချုပ်ရေးကောင်စီနှင့် ကြားကာလလွှတ်တော်မှ ပညာရေးကဏ္ဍ၌ ဥပဒေပြုခွင့်၊ အုပ်ချုပ်ခွင့်၊ စီမံခန့်ခွဲခွင့်နှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခွင့်များ ခွင့်ပြုရမည်။

(၃) ကြားကာလအုပ်ချုပ်ရေးကောင်စီ၊ ပညာရေးဌာနတွင် ကရင်နီပြည်အတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကားများကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်အောင်မြှင့်တင်ခြင်းလုပ်ငန်းများကို ပြည်နယ်အတွင်းရှိ သက်ဆိုင်ရာတိုင်းရင်းသားပညာရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခွင့် နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိရမည်။

(၄) တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားပညာရေးကျောင်းများကို မိမိတို့ပြည်နယ်တွင်သာမက သက်ဆိုင်ရာတိုင်းရင်းသားများနေထိုင်သော အခြားဒေသများတွင်လည်း လွတ်လပ်စွာ

ဖွင့်လှစ်ရန် သက်ဆိုင်ရာပြည်နယ်များနှင့် အပြန်အလှန်ညှိနှိုင်း၍ အကောင်အထည်ဖော်ဆောင်ရမည်။

(၅) ပြည်နယ်အတွင်း ကျောင်းတစ်ကျောင်းမှတစ်ကျောင်းသို့၊ ပြည်နယ်တစ်ခုမှတစ်ခုသို့ ပြောင်းရွှေ့ သင်ကြား/သင်ယူနိုင်ရေးအတွက် ဖက်ဒရယ်ဒီမိုကရေစီပညာရေးမူဝါဒနှင့်အညီ ကျောင်းများနှင့် ပြည်နယ်များသည် စံနှုန်းတူပညာရေးစနစ်ကို အသိအမှတ်ပြု ကျင့်သုံးရမည်။

(၆) ပညာရေးနယ်ပယ်တွင် မူးယစ်ဆေးဝါး၊ အဂတိလိုက်စားမှု၊ အကြမ်းဖက်မှုများနှင့် ခွဲခြားဆက်ဆံမှုများကင်းရှင်းရေးအတွက် အထူးမူဝါဒများချမှတ်ရမည့်အပြင် ပညာရေးဝန်ထမ်းများ၊ ကျောင်းသူ၊ ကျောင်းသားများနှင့် သင်ယူမှုဝန်းကျင်တို့၏ ဘေးကင်းလုံခြုံရေးဆိုင်ရာ မူဝါဒများကို ရေးဆွဲကျင့်သုံးလိုက်နာရမည်။

(၇) အသက်မွေးဝမ်းကြောင်းပညာနှင့် အဆင့်မြင့်ပညာများ သင်ကြားရန် ငွေကြေးအခက်အခဲရှိသော ကျောင်းသူ၊ ကျောင်းသားများအတွက် ပညာသင်ထောက်ပံ့ကြေးများနှင့် အခြားအစီအစဉ်များ ထားရှိဆောင်ရွက်ရမည်။

(၈) ပြည်နယ်အတွင်းရှိ ပညာသင်ယူရန်အခဲအခက်ရှိသော ထူးချွန်ကျောင်းသူ၊ ကျောင်းသားများအတွက် ပညာတော်သင်ဆုအစီအစဉ်များကို ထားရှိဆောင်ရွက်ရမည်။

(၉) တော်လှန်ရေးလုပ်ငန်းတွင်ပါဝင်နေကြသော ကျောင်းသူ၊ ကျောင်းသားများ ဆက်လက်ပညာသင်ကြားခွင့်ကို ဆောင်ရွက်ရမည်။

(၁၀) ရှေးဦးကလေးသူငယ်ပညာရေးနှင့်စောင့်ရှောက်မှု၊ အခြေခံပညာရေးနှင့် အဆင့်မြင့်ပညာရေးစနစ်သည် ကျောင်းသူ၊ ကျောင်းသားများကိုဗဟိုပြု၍ သင်ကြားသင်ယူခြင်းနှင့် လွတ်လပ်သောပညာရေးဆိုင်ရာသုတေသနပြုမှုများ ကို အားပေးမြှင့်တင်ရမည်။

(၁၁) နိုင်ငံတကာအလှူရှင်များနှင့်အဖွဲ့အစည်းများအနေဖြင့် ကရင်နီပြည်အတွင်းရှိ ပညာရေးအဖွဲ့အစည်းများအား ကူညီထောက်ပံ့ရာတွင် ထိခိုက်နစ်နာမှု (Do No Harm) မဖြစ်စေရန် လိုက်နာဆောင်ရွက်ရမည်။

(၁၂) ပြည်နယ်ကြားကာလအုပ်ချုပ်ရေးကောင်စီ၊ ပညာရေးဌာနမှ စီမံခန့်ခွဲလျှက်ရှိသော ကျောင်းများ ကို အရည်အသွေးရှိအောင် ဆောင်ရွက်ရမည်။

(၁၃) ဤမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ကရင်နီပြည်ကြားကာလလွှတ်တော်မှ လိုအပ်သည့်ဥပဒေများပြဋ္ဌာန်းပြီး ကရင်နီပြည်ကြားကာလ အုပ်ချုပ်ရေးကောင်စီ၊ ပညာရေးဌာနမှ လိုအပ်သည့်နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းလမ်းညွှန်များကို ရေးဆွဲပြဋ္ဌာန်းရမည်။

(၁၄) ဤမူဝါဒအား နှစ်စဉ်ပြန်လည်ဆန်းစစ်၍ ပြောင်းလဲတိုးတက်လာသော အခြေအနေများနှင့် အညီ ပြင်ဆင်ရေးဆွဲနိုင်သည်။

**ကရင်နီပြည် ပညာရေးမူဝါဒ(မူကြမ်း)ရေးဆွဲရေးကော်မတီ**
**ကရင်နီပြည်အတိုင်ပင်ခံကောင်စီ**